# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ဒုတိယနေ့ အစီအစဉ်

# [၂၆–၆–၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **မြို့ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တစ်ခု ချထားပေးမည့်အစား တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ် **ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ဗဟိုဆေး သိုလှောင်ရုံဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအင်ဖုန်ဆန်း၊ မချမ်းဘော မဲဆန္ဒနယ်၏ **ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် လစ်လပ်နေသော မြို့နယ်ဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ ခန့်ထားရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့် အချိန်၌ ခန့်အပ်စေလွှတ်ပေးနိုင်မည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **(Normal Trade)မှ တရားဝင် တင်သွင်းခွင့်ပြုထားသော (Cloud Point 8) စားအုန်းဆီသည် စားသုံးသူပြည်သူများအတွက် မည်သို့သော ကျန်းမာရေး ဆိုးကျိုးများ ဖြစ်စေသည်ကို သိလိုသည်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများအတွက် လွှတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးရန် အစီစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်၏ **ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်နိုင်ရေးအတွက် အချိန်ကာလ အကန့်အသတ်တစ်ခု သတ်မှတ်ပြဋ္ဌာန်းပေးရန် အစီစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဒေါ်ခွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **အစိုးရဝန်ထမ်းများအပါအဝင် ဥပဒေပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဘာသာရပ်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာများနှင့် ပတ်သက်၍ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **မြို့နယ်ဥပဒေရုံး ဆောက်လုပ်ခွင့်ပြုရန်နှင့် ဥပဒေရုံးဝန်ထမ်းများအတွက် နေအိမ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိလိုသည်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **စစ်တွေ– မင်းဘူး ရထားလမ်း ဖောက်လုပ်မည့်အစား မောင်တော–မင်းဘူး ရထားလမ်း ဖောက်ရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့် အချိန်တွင် ဖောက်လုပ်ပြီးစီးမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **နိုင်ငံအနှံ့ လိုင်စင်မဲ့မော်တော်ယာဉ်များ အသုံးပြုမောင်းနှင်မှု၊ နယ်စပ်မှတစ်ဆင့် မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုမှုနှင့် သက်သာသော နှုန်းထားဖြင့် အများပြည်သူ ဝယ်ယူအသုံးပြုနိုင်ရေးတို့** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ကျန်းမာရေးဝန်ကြီးဌာနက **“ မျက်စိလျှပါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို တင်သွင်းခြင်း။

၇။ **“ မျက်စိလျှပါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းခြင်း။

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **“ မျက်စိလျှပါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။

၉။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ် က **“ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၀။ **“ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။